# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 4, 2024 | Volume 79, Number 2

၄.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၄၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၈၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

### စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ ပို့ကုန်တိုးမြှင့်ရေး တိုက်တွန်းမှာကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဇွန်လ ၃ ရက်နေ့ နံနက် ၀၉:၀၀ အချိန်တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ပို့ကုန်တိုးမြှင့်ရေးအတွက် တိုက်တွန်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းမှာကြားရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တင်ပို့ရမည့်ပို့ကုန်တန်ဖိုးအား လျာထားသတ်မှတ်ထားပြီးဖြစ်ကြောင်း၊ အလားတူ ဆန်၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ပို့ကုန်များ လအလိုက်တင်ပို့ရန် လျာထားသတ်မှတ်ပြီးတးဖြစ်ပါကြောင်း၊ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာတင်ပို့နိုင်ရေး အင်တိုက်အားတိုက်ဖြင့် မဖြစ်မနေဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ဆန်စပါးကဏ္ဍ ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲပြုပြင်ခြင်းလုပ်ငန်းမှသည် ဖြန့်ဖြူးရောင်းချ၍တင်ပို့သည်အထိ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် (Supply Chain) တစ်လျှောက် ဟန်ချက်ညီညီ အားထည့်ဆောင်ရွက်ရန်၊ ပြည်ပဈေးကွက် ပိုမိုရရှိအောင်ဆောင်ရွက်ရန်၊ ပဲမျိုးစုံနှင့် ပြောင်းကိုလည်း တိုးမြှင့်တင်ပို့နိုင်ရန်၊ ပြည်တွင်းကောက်ပဲသီးနှံဈေးကွက် တည်ငြိမ်စေရန်၊ မျှတသည့်ကုန်သွယ်မှု၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်၊ CMP အထည်ချုပ်

လုပ်ငန်းများ၊ ငါး၊ ပုစွန်၊ အခြားရေထွက်ပစ္စည်းများ ပိုမိုတင်ပို့ရန်တို့ကို ပြင်းပြစွာမဖြစ်မနေ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန်တို့အား တိုက်တွန်းမှာကြားခဲ့သည်။

ထို့ပြင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ပို့ကုန်ဆန်သင်္ဘောများ ဦးစားပေးဆိပ်ကမ်းကပ်ခွင့်ရရှိရေး၊ ကုန်သေတ္တာရရှိရေး၊ ကုန်တင်ယာဉ်ရရှိရေးနှင့် ကုန်တင်ဆိပ်ကမ်းများ၏ လိုအပ်ချက်များအား ပူးပေါင်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပုဂ္ဂိုလ်များအား မှာကြားခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးများ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ Promotion Conference ကို ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပ

(၂၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ Promotion Conference ကို မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲ အတွင်းရေးမှူးချုပ်ရုံးတို့မှ ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့၊ ညနေ ၃ နာရီအချိန်တွင် ရန်ကုန်မြို့၊ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

Promotion Conference သို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စီးပွားရေးသံမှူး Mr. Ouyang Daobing၊ တရုတ်-အာဆီယံကုန်စည်ပြပွဲအတွင်းရေးမှူးချုပ် Dr.Wei Zhaohui၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် နော်မူတာကပေါနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း ၈၀ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ Promotion Conference တွင် အစီအစဉ်အရ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စီးပွားရေးသံမှူး Mr. Ouyang Daobing တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တရုတ်-အာဆီယံကုန်စည်ပြပွဲ အတွင်းရေးမှူးချုပ်က Power Point ဖြင့် ဆွေးနွေးခြင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးက 21st CAEXPO တွင် မြန်မာလုပ်ငန်းရှင်များ ဆောင်ရွက်ရမည့် Procedure များ ဆွေးနွေးခြင်းနှင့် တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(၂၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီး(ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ကိုယ်စားပြု City of Charm ပြခန်းဆောင် ၁ ခုနှင့် ကုန်စည်ပြခန်း ၈၀ ခန်းတွင် မြန်မာ့ထုတ်ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ သစ်သီးဝလံများ၊ ကျောက်မျက်ရတနာများနှင့် လက်မှုအနုပညာပစ္စည်းများ ပါဝင်ပြရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

Source: Myantrade(TD)

https://myantrade.gov.mm/article/

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့် ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်မြေထောက်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှု နည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့်မြေထောက်ပဲများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"နှမ်းနဲ့မြေထောက်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်၊ အခုလက်ရှိ မှာတော့ အရောင်းအဝယ်ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေ ရှိလာပါတယ်။ အခုလတ်တလော ကုလားပဲ အပြင် မတ်ပဲနဲ့ဂျုံတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ကောင်းမွန်ပါတယ်" ဟု ဦးစက်မောင်ဆွေကပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက် (စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၇၀,၀၀၀ ၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀ ၊ နှမ်းဖြူ သုံးတင်ဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၃,၀၀၀ ၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀ ၊ ကုလားပဲ (TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၃,၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အင်ဒိုနီးရှား၏ ပဉ္စမအကြိမ် ဆန်အဝယ်တင်ဒါ၌ ဗီယက်နမ်နှင့်မြန်မာတို့ လေလံအောင်မြင်



အင်ဒိုနီးရှားနိုင်ငံပိုင် ဝယ်ယူရေးအေဂျင်စီ (Bulog) ၏ မကြာသေးမီက တင်ဒါခေါ်ယူမှုတွင် ဗီယက်နမ်သည် ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ဆန်ဖြူတန်ချိန် ၁၅၀,၀၀၀ တင်ပို့ရန်အတွက် လေလံ ၆ စောင်ကို အောင်မြင်ခဲ့သည်ဟု ကုန်သွယ်ရေး သတင်း အရင်းအမြစ်များက ပြောဆိုကြောင်း၊ သို့သော် ဗီယက်နမ်၏ ဆန်ဈေးနှုန်းများသည် တင်ဒါရလဒ်ကြေညာမှုမှ အကျိုးအမြတ်ရရှိရန် မျှော်လင့်နိုင်ဖွယ်မရှိကြောင်း S&P Global ဈေးကွက်သုတေသနအဖွဲ့က ဖော်ပြပါသည်။ တင်ဒါခေါ်ယူရာတွင် Bulog အေဂျင်စီသည် ဗီယက်နမ်အတွက် ယှဉ်ပြိုင်နိုင်သည့်ပမာဏကို သတ်မှတ်ပေးထားသဖြင့် ဈေးနှုန်းများအပေါ် သိသာစွာသက်ရောက်ခြင်းမရှိဟု စင်ကာပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ဗီယက်နမ်မှ အနိမ့်ဆုံးထား ကမ်းလှမ်းသည့်ဈေးနှုန်းမှာ သင်္ဘောတင်စရိတ်နှင့် သယ်ယူပို့ဆောင်ခတို့ ပါဝင်သည့် ဆိပ်ကမ်းအရောက် CNF ဈေးနှုန်း ၁ တန်လျှင် ၅၆၄ ဒသမ ၅ ဒေါ်လာ ခန့်ဖြစ်ပြီး အဆိုပါ တင်ဒါတွင် ယှဉ်ပြိုင်နိုင်စွမ်း အမြင့်ဆုံးဖြစ်သည်။

ပို့ကုန်အမှာစာ အသစ်ရရှိခြင်းမရှိသောကြောင့် ဗီယက်နမ်ရှိ ဆန်ရောင်းချသူအချို့သည် ၎င်းတို့၏ ဆန်ဈေးနှုန်းများကို လျှော့ချခဲ့ကြပြီး S&P Global ၏ လက်အောက်ရှိ Platts ဈေးကွက် အချက်အလက် ထောက်ပံ့ရေးဌာန၏ အဆိုအရ ဗီယက်နမ်မှ ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်သော ဆန်ဖြူ၏ ဈေးနှုန်းသည် ရက်သတ္တတစ်ပတ်အတွင်း ဆန် ၁ တန်လျှင် ၁၀ ဒေါ်လာနှုန်းဖြင့် ကျဆင်းခဲ့ပြီး ၂၃-၅-၂၀၂၄ ရက်နေ့တွင် သင်္ဘောပေါ်အရောက် FOB ဈေးနှုန်းမှာ ၁ တန်လျှင် ၅၆၉ ဒေါ်လာနှုန်းသို့ ရောက်ရှိ ခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် တင်ဒါခေါ်ယူသည့် ဆန်တန်ချိန် ၃ သိန်းအနက် တန်ချိန် ၉၀,၀၀၀ အတွက် တင်သွင်းခွင့်ရရှိခဲ့သော်လည်း ထိုင်းကုန်သည်များ၏ အနိမ့်ဆုံး ဈေးနှုန်းကမ်းလှမ်းချက်မှာ ဆိပ်ကမ်းအရောက် CNF ဈေးနှုန်း ၁ တန်လျှင် ၆၄၉ ဒေါ်လာနှုန်းရှိပြီး ဆန်ဈေးနှုန်းကြီးမြင့်မှုကြောင့် တင်ဒါအောင်မြင်မှုမရှိကြောင်း၊ Bulog အနေဖြင့် အဆိုပါ အောင်မြင်မှုမရှိသော လေလံစောင်ရေများအတွက် တင်ဒါများ ပြန်လည်ခေါ်ယူရန် သေချာမှုမရှိကြောင်း သိရှိရသည်။ ယင်းရလဒ် ထွက်ပေါ်လာပြီး မကြာမီကာလအတွင်း ထိုင်းဆန်ဈေးနှုန်းများသည် ကျဆင်းလာနိုင်ဖွယ်ရှိသည်ဟု ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ဆိပ်ကမ်းအရောက် CNF ဈေးနှုန်း ဆန် ၁ တန်လျှင် ၆၂၁ ဒေါ်လာမှ ၆၂၉ ဒေါ်လာအတွင်း ကမ်းလှမ်းမှုများဖြင့် ဆန်တန်ချိန် ၆၀,၀၀၀ ရောင်းချရန်အတွက် လေလံအောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ကမ်းလှမ်းမှုများကြောင့် ပါကစ္စတန်မှ တင်ပို့သူများမှာ တင်ဒါကျရှုံးမှု ရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆန်ကွဲ ၅ ရာခိုင်နှုန်း ပါဝင်သော ဆန်ဖြူတန်ချိန် ၃၀၀,၀၀၀ ဝယ်ယူရန် တင်ဒါအသစ်အား မကြာသေးမီက ကြေညာခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း ယခုအချိန်အထိ ဆန်တန်ချိန် ၁ ဒသမ ၇ သန်း တင်ဒါ ၅ ကြိမ်ခေါ်ယူ၍ ဝယ်ယူခဲ့ပြီးဖြစ်သည်။ ဗီယက်နမ်၊ ထိုင်း၊ မြန်မာနှင့် ပါကစ္စတန်တို့သည် ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံအတွက် အဓိက ဆန်တင်သွင်းသူများဖြစ်ကြသည်။

Bulog သည် ၂၀၂၄ ခုနှစ်အတွက် ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တင်သွင်းရန် ခွဲတမ်းသတ်မှတ်ထားသည်။ အယ်လ်နီညို ဖြစ်စဉ်၏ ခြောက်သွေ့သောရာသီဥတု အခြေအနေများက အင်ဒိုနီးရှားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို ခြိမ်းခြောက်လျက်ရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆန်ထောက်ပံ့မှု ပိုမိုကျပ်တည်းလာခြင်းတို့အရ အဆိုပါ ဆန်တင်သွင်းမှုခွဲတမ်းသတ်မှတ်ချက်အား အပြည့်အဝအသုံးပြုမည့် အလားအလာရှိနေသည်။

**Source: S&P Global, 23 May 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20774

## ငွေဈေးနှင့် အခြားအလှူပ်အခတ်တစ်ခုခုဖြစ်တိုင်း ဈေးတက်လေ့ရှိသည့် စားအုန်းဆီ

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် (၃) ရက်မှ (၉) ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၃၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ယခင်တစ်ပတ်ထက် (၇၅) ကျပ် မြင့်တက်လာခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ယင်းသို့ဆောင်ရွက်ရာတွင် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

စားအုန်းဆီအား ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူသွားမည်ဟု စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အသိပေးထုတ်ပြန်ထားသော်လည်း ရွှေဈေး၊ ဒေါ်လာဈေးနှင့် အခြားအလှူပ်အခတ်တစ်ခုခုဖြစ်ပေါ်တိုင်း အဆမတန်မြင့်တက်လေ့ရှိဆဲ အခြေအနေဖြစ်သည်။

ယခင် ၇ လခန့်ဆီက စားအုန်းဆီတစ်ပိဿာ တစ်သောင်းဖြစ်လာခဲ့မှုအပေါ် စားအုန်းဆီ တင်သွင်းသူအချို့အားခေါ်ယူစစ်ဆေးပြီး ပြစ်ဒဏ်ချမှတ်ခဲ့မှုများရှိခဲ့သည်။

မည်ကဲ့သို့ဖြေရှင်းမှုက ရေရှည်အဖြေရနိုင်မည်ကို အကျိုးစီးပွားပါဝင်ပတ်သက်သူများ၏ ရှုထောင့်စုံအမြင် ဆွေးနွေးဖလှယ်ခြင်းဖြင့် ရှာဖွေရမည်ဖြစ်ကြောင်း ကုန်သည်တစ်ဦးကဆိုသည်။

**Source:** https://www.popularmyanmar.com/?p=161046

## မေလအတွင်း လပွတ္တာမြို့နယ်မှ ငါးသလောက်ပိဿာချိန် (၅၇,၀၀၀) အထိရန်ကုန်ဈေးကွက်သို့ တင်ပို့ခဲ့

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလောက် ပိဿာချိန် ၅၇,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပြောပြချက်အရသိရသည်။



ဧပြီလအတွင်းက ပိဿာချိန် ၅၅၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလတွင် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ "ရန်ကုန်ဈေးကွက်ကို ပုံမှန်အတိုင်း တင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချနေတဲ့ ငါးသလောက်တွေရဲ့ လတ်ဆတ်မှု၊ အရွယ်အစားနဲ့ အလေးချိန်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလည်း ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်"ဟု ရေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလောက်များ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ဒေသခံရေလုပ်သားများ ၊ တပိုင်တနိုင် အရောင်းအဝယ်လုပ်ကိုင်သူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ် အငှားလိုက်သည့်လုပ်ငန်း လုပ်ကိုင်နေသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=161008

## ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလတစ်လတာကာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလ တစ်လတာကာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဌေးဌေး၏ ပြောပြချက်အရ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလ တစ်လတာကာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၆,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ တစ်လတာကာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်သို့ ဆန်များ တင်ပို့ရောင်းချကြခြင်း ဖြစ်သည်။ "ဟသ်ာတမြို့နယ် ကနေ ရန်ကုန်ဆန်ဈေးကွက်ကို မေလတစ်လတာကာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဈေးနှုန်းကလည်း ပုံမှန်အခြေအနေမှာရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က မေလထဲမှာလည်း ဟသ်ာတမြို့နယ်ဘက်က ဆန်တွေ အဝယ်လိုက်ပါတယ်" ဟု ဒေါ်ဌေးဌေးက ပြောသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅,၀၀၀ အထိဈေးရှိကြောင်း၊ အဆိုပါ ဆန်များကို တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူများ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်သင်္ဘော၊ ကုန်တင်ယာဉ် အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/node/56704

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပြောင်းတင်ပို့မှု ပြီးခဲ့သည့်လေးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ပြောင်းတင်ပို့မှုသည် ပြီးခဲ့သည့်လေးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိပြီး၊ ၅၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ အကြောင်းမှာ ပြည်တွင်းပြောင်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပြောင်းစိုက်ပျိုးမှု ကျဆင်းမှုတို့နှင့်အတူ အီသနောထုတ်လုပ်မှု၊ ကြက်မွေးမြူရေးနှင့် ကော်မှုန့်လုပ်ငန်းများမှ ဝယ်လိုအား မြင့်တက်လာမှုတို့ကြောင့် ဖြစ်ကြောင်း The Hindu businessline သတင်းဌာန ယခုလ ၃၀ ရက်နေ့က ဖော်ပြသည်။

အိန္ဒိယပြောင်း၏ အဓိကဝယ်လက်များဖြစ်သော ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့က အခြားဈေးသက်သာသည့် နိုင်ငံများမှ ပြောင်းကို ပိုမိုဝယ်ယူလာကြသည့်အတွက် ပြောင်းတင်ပို့မှု ကျဆင်းလာခြင်းဖြစ်သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က

ပြောင်းတန်ချိန် ၃၄ ဒသမ ၅၃ သိန်း တင်ပို့ရောင်းချခဲ့ရပြီး၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄ ဒသမ ၄၂ သိန်းသာ တင်ပို့ရောင်းချခဲ့ရကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

တန်ဖိုးအားဖြင့် ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၁၁၁၆ သန်း(ရူပီး ၈၉၈၇၀ သန်း)တင်ပို့ရောင်းချခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၄၄၃ သန်း(ရူပီး ၃၆၆၀၀ သန်း)သာ တင်ပို့ရောင်းချခဲ့သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် အကြီးဆုံးဝယ်လက်ဖြစ်ပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယပြောင်းတန်ချိန် ၆ ဒသမ ၈၈ သိန်း ဝယ်ယူခဲ့ကြောင်း၊ သို့သော် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၈ ဒသမ ၉၁ သိန်းဝယ်ယူခဲ့သည့်အတွက် ၂၃ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံသည် အိန္ဒိယပြောင်းကို ဝယ်ယူသည့် ဒုတိယအကြီးဆုံး ဝယ်လက်ဖြစ်ကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၇၈ သိန်း ဝယ်ယူခဲ့သည်။ ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၃ ဒသမ ၉၁ သိန်း ဝယ်ယူခဲ့သည့်အတွက် ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက အိန္ဒိယပြောင်းကို အများဆုံးဝယ်ယူခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့ဈေးနှင့် နှိုင်းယှဉ်လျှင် အိန္ဒိယပြောင်းဈေးမှာ မြင့်မားလျက်ရှိသည့်အတွက် ဝယ်ယူမှုသိသိသာသာကျဆင်းခဲ့ကြောင်းသိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းတင်ပို့မှု တန်ချိန် ၂ ဒသမ ၀၈ သိန်းသာရှိခဲ့ပြီး၊ လွန်ခဲ့သောနှစ်က တန်ချိန် ၁၇ ဒသမ ၀၉ သိန်း တင်ပို့ခဲ့သည့်အတွက် ၈၈ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယပြောင်းသည် ပြည်တွင်းဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမရှိတော့သည့် အတွက် ယခုကဲ့သို့ ပြည်ပတင်ပို့မှု ကျဆင်းလာခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးအရင်းအမြစ်များက ပြောကြားခဲ့သည်။ ထို့ပြင် ကြက်မွေးမြူရေး၊ ကော်မှုန့်နှင့်အီသနောရောစပ်သည့်လုပ်ငန်းများမှ ဝယ်လိုအားမြင့်တက်လာသည့်အတွက် ပြည်တွင်းပြောင်း ဈေးနှုန်းများကို မြင့်တက်လာစေကြောင်းသိရသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ပြောင်းစိုက်ပျိုးထွက်ရှိမှု ဒုတိယအကြိမ် ကြိုတင်ခန့်မှန်း ချက်အရ ပြောင်းအထွက်နှုန်းမှာ ယခင်နှစ်က တန်ချိန် ၃၈၀ ဒသမ ၈၅ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် နွေပြောင်း တန်ချိန် ၂၇ ဒသမ ၂၁ သိန်းအပါအဝင် တန်ချိန် ၃၂၄ ဒသမ ၇၀ သိန်းသို့ လျော့ကျခဲ့ကြောင်းသိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်၏ ခါရစ်(မိုး)ရာသီ ပြောင်းအထွက်နှုန်းမှာ တန်ချိန် ၂၂၇ သိန်းရှိပြီး၊ ယခင်နှစ် ကာလတူက ၂၃၆ ဒသမ ၇၄ သိန်း ရှိခဲ့သည့်အတွက် ကျဆင်းခဲ့ကာ၊ ရာဘီ(ဆောင်း)ရာသီ ပြောင်းအထွက်နှုန်းမှာ ယခင်နှစ်က တန်ချိန် ၁၁၆ ဒသမ ၉ သိန်းရှိခဲ့ပြီး၊ ယခုနှစ်တွင် ၉၇ ဒသမ ၅၀ သိန်းသို့ ကျဆင်းခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံတွင် ပြောင်းအဓိကစိုက်ပျိုးသည့် ပြည်နယ်များဖြစ်ကြသော Karnataka နှင့် Bihar ပြည်နယ်တို့အပါအဝင် အခြားပြည်နယ်အများအပြား၌ အယ်နီညိုကြောင့် ခြောက်သွေ့သောရာသီဥတုအခြေအနေနှင့် မိုးရေပုံမှန်မရရှိသည့်အတွက် ပြောင်းစိုက်ပျိုးထွက်ရှိမှုအပေါ် များစွာရိုက်ခတ်လျက်ရှိကြောင်းသိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပြောင်းစိုက်ပျိုးထွက်ရှိမှုကျဆင်းကာ ပြည်ပသို့ တင်ပို့ရောင်းချမှုလည်း ကျဆင်းလျက်ရှိသည်။ ထို့ပြင် ပြည်တွင်း၌ တိရစ္ဆာန်အစာ၊ အီသနောရောစပ်ခြင်းနှင့် စားသောက်ကုန်လုပ်ငန်းများမှ ဝယ်လိုအားတိုးမြင့်လာမှုကြောင့် ပြည်တွင်းပြောင်းဈေးနှုန်းများ မြင့်တက်လာလျက်ရှိသည်။

**Source: thehindubusinessline.com**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_04062024_12:44

## STOCK EXCHANGE (4.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,914 (Shares) | 14,085,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,000 | 9,000 | 9,000 | 238 | 2,142,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 1,760 | 5,460,100 | 38,929,150 | 122,627 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,200 | 8,200 | 8,100 | 103 | 844,500 | 10,400,986 | 84,248 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,700 | 1,650 | 776 | 1,282,500 | 29,664,613 | 48,947 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 66 | 178,200 | 12,823,224 | 34,623 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 871 | 1,503,800 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 4 | 18,800 | 10,497,598 | 49,339 |
| MAEX | 00008 | 2,400 | +0 | +0.00% | 2,400 | 2,450 | 2,400 | 1,096 | 2,655,650 | 23,804,946 | 57,132 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 3rd Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.95 | -0.73 | -0.19% | 385.94 | 388.37 | 385.39 | 4,914 | 14,085,550 | 8 | 729,863 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 4th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,367 (Shares) | 36,309,800 (MMK) |

| MYANPIX | 388.74 ▲ 1.79 |
|---|---|
| Total Volume (shares) | 14,367 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 733,242 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,500 | ▲ 100 |